## အခန်း(၇)

## အသင်းတော်ကလေးသူငယ်များ

## Children In Church

Virginia မြို့အိမ်လှူပ်ရှားမှုအသင်းတော်ညီလာခံ မေးခွန်းများဆွေးနွေးတိုင်ပင်ခြင်းမစမ်းမှီ ပထမဦးဆုံးဆွေးနွေးရမည့် မေးခွန်းသည် “ကလေးသူငယ်တို့ကို ကျွန်ုပ်တို့မည်ကဲ့သို့ ထိန်းချုပ်သနည်း” ဟူသော မေးခွန်းဖြစ်ရမည်ဟု ကျွန်တော်သူငယ်ခြင်းတစ်ဦးအား ကျွန်တော်တိုးတိုးတိတ်တိတ်ပြောခဲ့သည်။ အကြောင်းဆွေးနွေးတိုင်ပင်မည်ကို သေချာခဲ့သည်။ ကျွန်တော်ယူဆချက်ကတော့ မေးခွန်းသည် အိမ်အသင်းတော်လှုပ်ရှားမှုကို သေချာစွာတွေးတောစဉ်းစားသူများမေးမြန်းသည့် မေးခွန်းပင်ဖြစ်သည်။ သည်အလွန်ကြီးမားသော အနှောက်အယှက်တစ်ခုပင်ဖြစ်သည်။ သို့သော်ကြီးမားသော အနှောက်အယှက်တစ်ခုကဲ့သို့ မယူဆသင့်ပေ။ အခန်းက အချက်သုံးချက်ကို ဆန်းစစ်ဖေည်ပြပါလိမ့်မည်။ တို့သည် ပထမအနေနဲ့ နိဗေသမားမျှးနှင့် စိတ်ပညာရှင်များယူဆသော အဖွဲ့မစည်းနှင့်အိမ်အသင်းတော်တွင် ကလေးသူငယ်တို့နှင့် အသင်းသား/သူတို့၏ခြားနားမှု၊ တိယအနေနဲ့ ထွက်ပေါ်လျက်ရှိသော လက်တွေ့ကျသော ကျင့်သုံးမှုများနှင့် တတိယအနေနှင့် အိန်တွင်ယုံကြည်သူများစုခြင်းထဲတွင် ကလေးသူငယ်တို့ပါဝင်ခြင်း၏ အကျိုးတက်ရောက်မှုတို့ဖြစ်သည်။

ကျွန်တော်ရေးခဲ့သည့် စာစောင်ထဲတွင် “ကလေးသူငယ်များအတွက် သင်ဘာလုပ်ပေးပါသနည်း” ဟု ကျွန်တေည်မေးခွန်းထုတ်ခဲ့ဖူးသည်။ ပထမမူကျမ်းမှုဖြစ်သော“ကလေးသူငယ်တို့ဖြင့်ဘာလုပ်သနည်း” ဟု ပြောဆိုရန် ကျွန်တော်အရှက်ရခဲ့သည်။ အသင်းတော်အဖွဲ့အစည်းအများစု တွေ့ရသောအတွေးအခေါ် (သို့) ထင်မြင်ယူဆချက်တို့ကို ကျွန်တော်ခုခံရပ်တန့်ခဲ့ရသည်။ သူတို့၏ခံယူချက်တို့သည် ကလေးသူငယ်သူတို့သည် ရှုပ်ထွေးသည့် ပြဿနာတစ်ခုပင်ဖြစ်သည်။ သူတို့သည် အရေးကြီးသော တန်းခိုးရှိသည့် “ဝတ်ပြုခြင်း” ကို တိုက်လှန်ဖျက်ဆီးခဲ့သည်။ ပရိသတ်များအရေးကြီးသော ဆုံးမသြဝါပေးသောအခါ ဝတ်လုံဖြင့် ချုံအုပ်ခြင်း၊ အဝတ်ဖြင့်ဖုံးအုပ်ခြင်း၊ ကြိုးဖြင့်ချည်ထားခြင်းကဲ့သို့ ကလေးသူငယ်တို့ကို တားဆီးနှောက်ယှက်ခဲ့သည်။ ထို့ကြောင့် ကလေးသူငယ်တို့သည် ခုံရှည်များများပေါ်တွင် နားထောင်သူအဖြစ် တိတ်ဆိတ်ငြိမ်သက်သန့်ရှင်းစွာ ထိုင်သင့်သည်။ ထို့ကြောင့် “ဝတ်ပြုအစည်းအဝေး” အရေးကြီးသောကဏ္ဍလုပ်ဆောင်သည့်အချိန်တွင် ကလေးသူငယ်တို့ကို ဘယ်လိုပြုသင့်သနည်း ဟူသောမေးခွန်းထွက်လညခဲ့သည်။

ကလေးသူငယ်တို့အပေါ် မည်ကဲ့သို့လုပ်ဆောင်ရမည် အကြောင်းနှင့်ပတ်သက် သခင်ယေ “ကလေးသူငယ်တို့ကို ကလေးထိန်းရာဌါနတွင် ချုပ်တည်းကြပါ” ဟုဘယ်သောအခါမှ မပြောခဲ့ဘူးပေ။ တောင်ပေါ် သနာဟောပြောသောအခါကလေးသူငယ်တို့သည် အသင်းတော်ကလေးထိန်းကျောင်းသာ ခေါ်ဆောင်သည်ဟု သင်ယူဆပါသလော။

ယုံကြည်သူများစုရုံးသောအခါ ကလေးသူငယ်များထိန်းသိမ်းခြင်းနှင့် ပတ်သပ် သမာကျမ်းစာက မြောက်များစွာဖော်ပြထားခြင်းမရှိချေ။ သို့သော် ယုံကြည်သူတို့သည် ကလေးသူငယ်များ ဝတ်ပြုအစည်းအဝေး မပါဝင်ရန်တိုက်ပင်ခြင်းကို ကျွန်တော်စဉ်းသားတွေးခေါ် မရပေ။ အများမပြားဖော်ပြထားခြင်းမရှိသော အကြောင်းအရာကို ကျွန်တော်တွေးတောသည်။ အဘယ်ကြောင့်ဆိုသော် ကနဦးယုံကြည်သူတို့သည် အကြောင်းအရာနှင့်ပတ်သက် ကြီးကျယ်နက်ရှိုင်းစွာ တိုင်ပင်ဆွေးနွေးခြင်းမရှိခဲ့သောကြောင့် ပင်ဖြစ်သည်။ အိမ်တွင် အသင်းတော်များရှိသည်။ အိမ်များတွက် မိသားစုများနေထိုင်သည်။ အိမ်တွင်ကလေးသူငယ်တို့သည် ယုံကြည်သူတို့နှင့် တွေ့ဆုံခဲ့ကြသည်။

ဥမာကျမ်းစာက ကလေးသူငယ်များနှင့် ယုံကြည်သူများ စုရုံးခြင်းနှင့် ပတ်သက် တိုက်ရိုက်ဖော်ပြထားခြင်းမရှိပေ။ ပရိသတ်များစုရုံးသောအခါ ကလေးသူငယ်များပါဝင်နေသည်ကို တွေ့ရှိနိုင်သည်။ ဥပမာအားဖြင့် လူ ၅၀၀၀ ကျွေးမွေးခြင်းနှင့်လူ၄၀၀၀ ကျွေးမွေးခြင်းပြုသည့်အချိန်တွင် ကလေးသူငယ်များပါဝင်နေသည်ကို ကွက်ကွက်ကွင်းကွင်းတွေ့နိုင်သည်(မသဲ ၁၄း၂၁၊၁၄း၃၈)။ သာသနာခရီးစဉ်တစ်လျှောက် “တပည့်တော်အားလုံးတို့သည် မိမိဇနီးသည်များ၊ သားသမီး” တို့နှင့်တမန်

တော်များနောက်လိုက်သွားခဲ့သည်။ သူတို့ကိုကမ်းနားတွင်ထားခဲ့ ဆုတောင်းခဲ့ကြသည်( တမန် ၂၁း၅)။ နောက်ဆုံးအနေဖြင့် ဧဖက်အသင်းတော်သို့ ပေါလုပို့သည့်သာစောင်ကို ဖတ်ရှုသောအခါ ကလေးသူငယ်များအကြောင်းတိုက်ရိုက်ဖော်ပြထားသည်ကို တွေ့ရသည်။ "သားသမီးတို့ ဘုရားသခင်ထဲ သင်တို့ မိဘများကို ရိုသေကြလော့" (ဧဖက် ၆း၁-၂) ဟု ဖော်ပြထားသည်။ ကလေးသူငယ်တို့သည် အသင်းတော်ဝတ်ပြုခြင်းအစည်းအဝေးမပါဝင်ခဲ့လျှင် အသင်းတော်ဟောပြောသော ခွန်အားပေးတိုက်တွန်းချက်တို့ကို မည်ကဲ့သို့ကြားသိနိုင်မည်နည်း။

ကလေးသူငယ်နှင့်ယုံကြည်သူများဆက်နွယ်မှုနှင့် ပတ်သက် နှုတ်ကပတ်တော်ပ မဖော်ပြထားခြင်းကို ဖယ်ထားပြီးကျွတ်တချက်တခုတော့ အာမခံသည်။ သည် ကနဦးအသင်းတော်တွင် ကလေးသူငယ်များ ဥပုစာဖြေနှင့် ကလေးထိန်းကျောင်းယူမရှိပေ။ ဥပုစာဖြေသည် အသင်းတော်အသက်တာအတွက် မရှိမဖြစ်လိုအပ်သောအချက်ဖြစ်လျှင် အကြောင်းနှင့်ပတ်သက် သမာကျမ်းစာက အဘယ်ကြောင့် မဖော်ပြထားသနည်း။ သမာကျမ်းစာထဲ ဖော်ပြထားသောတည်ဆောက်မှုတို့သည် အသေးစိတ်ဖော်ပြထားသဖြင့် ပြည့်စုံလျက်ရှိသည်။ သမာကျမ်စာသည် မကြံမအစည်ဟူသည်မှာ ပြီးပြည့်စုံစွာဖော်ပြထားသောစာအုပ်ဖြစ်သည်ကို ငြင်းဆိုလိုသူ ခရစ်ယာန်ဘယ်မှာရှိသနည်း။ စိတ်ဝင်စားဖွယ်ရာအချက်ကတော့ ဘုရားသခင်၏ ပြီးပြည်စုံသော အကြံအစည်တော်ထဲတွင် ဥပုစာဖြေအတွက် အရိပ်အယောင်ဖော်ပြထားခြင်းတောင်မရှိချေ။

ဥပုစာဖြေကျောင်းတို့သာ သမာကျမ်းစာပုံပြင်များ သို့မဟုတ် ခရစ်ာညန်အသက်တာအတွက် ရင့်ကျက်မှုများကို သင်ကြားရန်အတွက် ဖွင့်လှစ်ခြင်းမဟုတ်ပေ။ သို့သော် ဆင်းရဲသားအလုပ်သမားများ၏ သားသမီးများသည် စာရေးစာဖတ်တတ်ရန် ရည်ရွယ် အင်္ဂလန်မြို့ ၁၉ ရာစုခုနှစ်တွင် စတင်ဖွင့်ထားခြင်းပင်ဖြစ်သည်။ ဥပုစာဖြေကျောင်းများမပေါ်ပေါက်မီ ကလေးသူငယ်များအား သင်တန်းပို့ချရန်မည်သူက တာဝန်ယူဆောင်ရွက်ကြသနည်း။သူတို့၏ မိဘများသည် ခရစ်ယာန်သားသမီးများအား သွန်သင်ခြင်းနှင့် ပြုစုစောင့်ထိန်းခြင်းတာဝန်ဝတရားကိုမိသားက အကတာဝန်ယူသည်ဟု အိမ်အသင်းတော်အများစု၏ တင်ပြချက်ဖြစ်သည်ကို ကျွန်တော်ယူဆမိပါသည်။ ထို့ကြောင့်အိမ်အသင်းတော်အများစုက (မသစ်ကျမ်းဖော်ပြထားသောအသင်းတော်နည်းတူ) ဥပုစာဖြေကျောင်းများမရှိခြင်းဖြစ်သည်။ သို့ အင်အားကြီးမားသောအသင်းတော်မှ အိမ်လုပ်ရှားမှုအသင်းတော်သို့ ကူးပြောင်းရန်ရည်ရွယ်သော ခရစ်ယာန်များအတွက် အတားအဆီးတစ်ခုဖြစ်လာသည်။ ခရစ်ယာန်အများအပြားက သူတို့၏ ကလေးသူငယ်များဝိညာဉ်ပိုင်းဆိုင်တိုက်ပွဲအတွက် စိုးရိမ်ကြပေမယ့် မိဘနှစ်ပါးတို့က သူတို့၏သားသမီးတို့ကို ကြီးမားသောဘုရားကျောင်းတစ်ချို့ထားရှိခြင်းအားဖြင့် အဆိပ်တက်ပြီးသေဆုံးဖျက်ဆီးစေသည်ကို အံ့သြစရာကောင်းသည်။ အသင်းတော်မျိုးတို့တွင် လူငယ်များအသက်သင်တန်းအစီအစဉ်တစ်ခုသာ ဖွင့်လှစ်ပေးခဲ့သည်။ အင်အားကြီးမားသောအသင်းတော်အချို့တို့သည် အကြောင်းကိုအနားလည်ခဲ့ပြီးသူတို့၏ ငွေကြေး "ဆယ်ဘို့တစ်ဘို့" မလျော့စေရန် "လူငယ်သာသနာလုပ်ငန်းအများ" ဖွင့်လှစ်ခြင်းဖြစ်သည်ကို ကျွန်တော်သိရှိနားလည်ခဲ့ပါသည်။

ဘုရားသခင် မိမိကလေးသူငယ်တို့ကို တိုးတက်ကြီးထွားရန်အတွက် မိသားစု၏ တာဝန်ဝတရားဖြစ်သော်လည်းသူတို့၏ ဝိညာဉ်ရေးရာတိုက်ပွဲအတွက် အိမ်အသင်းတော်က မထီမဲ့မြင်ပြုခြင်းမရှိခဲ့ပေ။ အိမ်အသင်းတော်က လုံးဝမထီမဲ့မြင်မပြုခဲ့ပေ။ ထို့ပြင်ကလေးသူငယ်တို့က သူတို့၏ မိဘနှစ်ပါးအသင်းတော်ကို အသေဟုထင်မှတ်ပြီး သခင်ယေရှုကိုလည်း သေသောဘုရားအဖြစ်ထင်ပါလိမ့်မည်။ ထို့ကြောင့်မိဘနှစ်ပါးတို့သည် အသင်းတော် ပါဝင်သည့်နည်းတူ ကလေးသူငယ်တို့သည်လည်း တန်းတူရည်တူပါဝင်ကြောင်းကို ကလေးသူငယ်များအသိအမှတ်ပြုနိုင်ရန်အတွက် အိမ်အသင်းတော်၏လက်တွေ့ကြသော လုပ်ဆောင်မှုများကို ကျွန်ုပ်တို့ဆွေးနွေးလေ့လာရမည်ဖြစ်ပါသည်။

အိမ်အသင်းတော် ကလေးသူငယ်တို့သည် လူကြီးတို့နှင့်တန်းတူရည်တူ ပါဝင်ခွင့်ရရှိခြင်းကို ဆွေးနွေးတိုင်ပင်ရာတွင် မိဘနှစ်ပါးတို့က အင်အားကြီးမားသော မိရိုးဖလာအသင်းတော်နည်းစနစ်ကို သူတို့၏စိတ်ထဲမှ မပျောက်သွားပါက ကလေးသူငယ်များအတွက် မည်သည့်အရာတစ်ခုမှ လုပ်ဆောင်

ပေးလိမ့်မည်မဟုတ်ကြောင်းကို ကျွန်တော်တို့သိရှိနားလည်ရမည်။ အဖွဲ့အစည်းဖြင့်တည်ထောင်သော အသင်းတော်သည် အတွေးအခေါ်ပိုင်းတွင် နုနယ်သေးသောအဆင့် သာရှိသည်။ အဘယ်ကြောင့်ဆို သော် သူတို့က ကလေးငယ်တို့ကို ဥပုစာဖြေကျောင်းသို့ ဇွတ်ပို့ပေးခြင်းပြုမှ အရာခမ်သိမ်းတို့သည် ပြန် သန့်ရှင်းလိမ့်မည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။ ထိုကဲ့သို့ပြုခြင်းသည် သမာကျမ်းစာနှင့် ညီညွတ်မှုနရှိပေ။ တောင်ပေါ် သနာဟောပြောသည့်အချိန်တွင် ကလေးသူငယ်တို့သည် နည်းကဲ့သို့ ငြိမ်နေသည်ကို မိတ်ဆွေဘယ်လိုထင်သနည်း။ အဖွဲ့အစည်းဖြင့် တည်ထောင်သောအသင်းတော်သည် “ဝတ်ပြုမစည်းအဝေး” အလွန်တင်းမာပြီး၊ ကလေးသူငယ်တို့အတွက် အထူးအစီအစဉ်များမရှိသော ကြောင့် သူတို့သည်ဝတ်ပြုစည်းဝေးလုံးဝမပျော်ရွှင်နိုင်ပေ။ ထို့ကြောင့်အိတ်ပြုလုပ်သောအသင်းတော် လုပ်ဆောင်ရန်ပထမခြေလှမ်းသည် သက်တောင့်သက်သာနေခြင်း ဖြစ်သည်။ အိမ်အသင်းဘုရားဝတ် ပြုရာတွင် ပိုပြီးတက်ကြွမှုနှင့် သီချင်းသံကျူးဧခြင်းကို တွေ့ရပါလိမ့်မည်။ ကလေးသူငယ်နှင့်ဘုရား ကျောင်းသို့လာသောသူတို့သည် အပြစ်ရှိသည်ဟု ထင်မှတ်ခြင်းနှင့် ကင်းကွာပါလိမ့်မည်။ ထို့ပြင် ကလေးသူငယ်တို့နှင့်မလာရောက်သော သူတို့က သူတို့၏အသိုင်းမဝိုင်းဖြင့် ထူထောင်သောအသင်း တော်နှင့်မတူဘဲ ကလေးသူငယ်တို့ကို ခွင့်လွှတ်ဖို့ လိုအပ်သည်။

တိယမြောက်လက်တွေ့လုပ်ဆောင်မှုတစ်ခုသည် အရွယ်ရောက်ပြီးသောသူတိုင်းကြား ဆက်သွယ် ရာတွင့်ဖြစ်စေ၊ အရွယ်ရောက်ပြီးသူအားလုံးနှင့် ကလေးသူငယ်အားလုံးကြားတွင်ဖြစ်စေ ဆက်ဆံရေး သာ တိုးတက်ရန်အတွက်ဖြစ်ပါသည်။ ထိုသို့ တိုးတက်ကြီးထွားမှုသည် အိမ်အသင်းတော် သာတွေ့ရ သည်။ အဖွဲ့အစည်းဖြင့်ထူထောင်သောအသင်းတော်မတွေ့ရပေ။ ရင်းရင်းနှီးနှီးဆက်ဆံမှုအားဖြင့် Johnny ခေါ်က ကလေးသူငယ်တစ်ယောက်သည် အလေးစွန့်ရာတွင် သူ၏မိဘမဟုတ်သော အရွယ် ရောက်သောသူတို့ကြားထဲတွင် ဂျွန်နီသည် သူတို့ကို ရှက်ကြောက်ခြင်းမရှိ သူ၏အမေကိုလည်း ရှက် ကြောက်ခြင်းမရှိပဲ လွတ်လွတ်လပ်လပ်စွန့်လွှတ်နိုင်ပါလိမ့်မည်။ ရင်းရင်းနှီးနှီးဆက်ဆံခြင်းတို့သည် အလွန်အရေးကြီးသည်။

တတိယမြောက်လက်တွေ့ကျကျလုပ်ဆောင်ရန်အချက်သည် ဝတ်ပြုအစည်းအဝေး ကလေးသူ ငယ်တို့သည် အရွယ်ရောက်ပြီးသားလူတွေနှင့် လုပ်ဆောင်မှုတို့ ပါဝင်လုပ်ဆောင်နိုင်သော လုပ်ငန်းကို ဖန်းတီးပေးရမည်။ အသင်းတော်အစည်းအဝေး အရွယ်ရောက်ပြီးသောသူတို့သာလျှင် ပါဝင်သည်ဟူ သောအယူအဆကို မည်သည့်နေရာမှလာသနည်း။ ကလေးငယ်များ တေးဂီတ ဆုကျေးဇူးများစွာ ရရှိ သောအိမ်အသင်းတော်တစ်ခုကို ကျွန်တော်တွေ့ခဲ့ပါသည်။ လူငယ်တို့သည် ဂီတတေးခတ်ခြင်း၊ တယောထိုးခြင်းနှင့် ပလွေမှုတ်ခြင်းနှင့် သီချင်းဆိုခြင်းအားဖြင့် လွတ်လပ်စွာပါဝင်ဦးဆောင်ခဲ့ကြသည်။ တခြားအိမ်အသင်းတော်တို့တွင် ကလေးသူငယ်တို့အား သက်သေခံရန်၊ ကျမ်းပို ရွတ်ဆိုရန်နှင့် ဆုတောင်းခံချက်တင်ပြရန် အခွင့်ပေးတတ်ကြသည်။ ကျွန်ုပ်၏အိမ်အသင်းတော်တစ်ခုတွင် ဆယ်ကျော် သက်တစ်ယောက်ကို သမာကျမ်းစာနှင့် တေးသီးချင်းဖြင့် ဝတ်ပြုအစည်းအဝေးဦးဆောင်ရန် ခိုင်းခဲ့ပါ သည်။ ထိုအစည်းအဝေးတွင် ပျော်မွေ့စေခဲ့သည်။ ကျွနိုပ်အိမ်အသင်းတော်တခြားတစ်ပါးတွင် လူကြီးများနှင့် ကလေးသူငယ်များ ရောထွေးနေသော “ဥပုစာဖြေသင်ခန်းစာ” တစ်ခု အမျိုးတစ်ဦးက ဦးဆောင်ခဲ့သည်။ ကလေးသူငယ်များ၏ ရှုထောင့်အတိုင်း (အရွယ်ရောက်ပြီးသောလူကြီးတို့လည်း ပါဝင်ရသောအရာ) အရွယ်ရောက်ပြီးသော လူတို့သည်လည်းပါဝင်စေခဲ့ပြီး သို့မှသာကလေးသူငယ် တို့သည် သူတို့၏မိဘတိုင်း ဝိညာဉ်ပိုင်းဆိုင်ရာသွန်သော ပျော်ပွဲရွှင်ပွဲသင်ခန်းစာ ပျော်ရွှင်နိုင်ခဲ့ကြပါ သည်။

ကျွန်တော်အကြံပေးလိုသောစတုတမြောက် လက်တွေ့လုပ်ဆောင်ရန်သည် “အိမ်အသင်းတော် ၏အယူဝါ” က စိတ်တင်းကြပ်မှုမဖြစ်ရန်ဖြစ်သည်။ ဥပုစာဖြေကျောင်းကို ကျွန်တော်ယုံကြည်ဖြစ်ပေ။ သို့ရာတွင်တစ်စုံတစ်ယောက်သည် ကလေးသူငယ်များအတွက် အထူးအစီအစဉ်များပြုလုပ်ပေးသည်ဖြစ် စေ၊ လူတစ်ယောက်သည် အခန်းတစ်ခုတွင် ကြာမှတစ်ကြိမ်စာစည်းစေသည်ဖြစ်စေ၊ စသောလုပ် ဆောင်မှုတို့ကို ကုန်ဆုံးနိုင်လိမ့်မဟုတ်ပေ။ ထို့ပြင်ကလေးသူငယ်တို့ကို ပျော်ပွဲရွှင်ပွဲလုပ်ပေးကာ ပေး

ရှင်စေခြင်းစည်လည်း ငြိမ်နိုင်မည်မဟုတ်ကြောင်းကို ကျွန်တော်ယုံကြည်သည်။ သို့သော်တစ်ရံတစ်ခါ ကလေးသူငယ်တို့ကို ဗီယိုခွေများပြသခြင်းသည် မှားယွင်းမှုမရှိပေ။( ဗီယိုခွေသည် ကာတွန်းခွေရယ်စရာမောစရာဖြစ်ပြီး ဝိညာဉ်ရေးရာနှင့်မသက်ဆိုင်ရင်တောင်မှ ပြဿနာမရှိသေးပါ။)

ပဥ္စမမြောက်အကြံပြုလိုသောအချက်သည် အိမ်အသင်းတော်တိုင်းတွင် အိမ်ရှင်အိမ်နှင့် ပတ်သက်သော စည်းမျဉ်းစည်းကမ်းတို့ကို ကြေငြာပေးရမည်။ သို့မှသာ ကလေးသူငယ်သူငယ်တို့နှင့် မိဘတို့သည် နမော်နမဲ့ စည်းကမ်းပျက်ပြားစွာ နေရလိမ့်မည်မဟုတ်ပေ။ (ဥပမာမားဖြင့်–"ဧခန်းအစားအသောက်သုံးဆောင်ရလိမ့်မည်မဟုတ်ပေ။")

ဆဋ္ဌမမြောက်အကြံပြုလိုသောအချက်သည် ကလေးသူပယ်များစိတ်ဆိုးမာန်ဆိုးဖြစ်သည့် အချိန်တွင် သူတို့ကိုတတ်နိုင်သရွေ့ ခွင့်လွှတ်ပေးခြင်းဖြစ်သည်။ သို့သော်သူတို့သည် သာမန်ထက်ဆိုးနေလျှင် ထိုကလေးများသည်စိတ်ပြေသည်အထိ မိဘတို့ကအပြင်သို့ ထုတ်ကာချော့မော့ရမည် ဖြစ်ပါသည်။ မိဘတို့က ထိုကဲ့သို့မပြုလျှင် ထိုသို့ပြုရန်မိဘတို့ကို တိုက်တွန်းရန်လိုအပ်သည်။ ဆက်ဆံရေးသည် အရေးကြီးသည်ကို မှတ်ထားပါ။ ကျွန်တော်တို့သည် ကျွန်တော့်တို့၏ညီအစ်ကို မောင်နှမတို့အတွက် အမြဲတမ်းဦးစားပေးစဉ်းစားရပေမည်။ ခရစ်တော်၏ ခန္ဓာကိုယ်ကလေးသူငယ်တို့သည် ကျွန်တော်တို့၏ညီအစ်ကို မောင်နှမများဖြစ်ကြသည်။ ထိုသူတို့ကို ချစ်ခြင်းမေတ္တာဖြင့် ဆက်ဆံကြပါစို့။

သတမမြောက်နှင့်နောက်ဆုံးမြောက်အကြံပြုလိုသောအချက်သည် ဝတ်ပြုခြင်းအစည်းအဝေးသည် ကလေးသူငယ်များအတွက်ဖြစ်စေ၊ အရွယ်ရောက်ပြီးသောသူများအတွက်ဖြစ်စေ၊ ငြီးငွေ့စရာမဖြစ်စေခြင်းပင်ဖြစ်သည်။ ဝတ်ပြုခြင်းအစည်းအဝေးသည် လူကြီးများအတွက် ငြီးငွေ့စရာကောင်းပြီး အလွန်ရှည်လျားနေလျှင် ကလေးငယ်များအတွက် မည်ကဲသို့ဖြစ်သွားမည်ကို တွေးကြည့်ပါ။ ထိုသူတို့၏အာရုံစူးစိုက်နိုင်မှုအတိုင်းအတာသည် ကျွန်ုပ်တို့ထက်တဝတ်လျော့နည်းသည်။ ကျွန်ုပ်တို့၏ညီအစ်ကိုမောင်နှမတို့အတွက် ကျွန်ုပ်တို့အမြဲတမ်းစဉ်းစားပေးရန်လိ၏လိုအပ်သည်။ ခရစ်တော်ခန္ဓာကိုယ် ကလေးသူကယ်တို့သည် ကျွန်ုပ်တို့၏ညီမစ်ကိုမောင်နှမများဖြစ်ကြသည်။ ထိုသူတို့ကို ချစ်ခြင်းမေတ္တာဖြင့်ဆက်ဆံကြပါစို့။

လူငယ်လူရွယ်များအတွက် အိမ်အသင်းတော်၏အကျိုးသက်ရောက်မှုများကို တင်ပြခြင်းဖြင့် ကလေးသူငယ်များနှင့် အိမ်မသင်းတော်အကြောင့်ကို ကျွန်ုပ်တို့ဆွေးနွေးခဲ့ပါသည်။ အသင်းတော် ကလေးသူငယ်တို့သည် အနှောက်အယှက်အဟန့်အတားတစ်ခုအဖြစ် ကျွန်ုပ်တို့မမြင်သင့်ပေ။ အိမ်အသင်းတော်သည် ကလေးသူငယ်တို့အတွက် အထူးအခွင့်အရေးဖြစ်သည်ကို လည်းကောင်း၊ ထိုအထူးအခွင့်အရေးတို့ကို စွမ်းစွမ်းတမံလုပ်ဆောင်သင့်သည်ကိုလည်းကောင်း ကျွန်ုပ်တို့သိရှိရမည်။

လူငယ်လူရွယ်များအတွက် အိမ်အသင်းတော်၏ကြီးမားသော အကျိုးသက်ရောက်မှုတစ်ခုသည် လူငယ်တို့ကသူတို့၏ မိဘတို့ကိုချစ်ခြင်းမေတ္တာဖြင့် မြင်တွေ့နိုင်ဖြစ်ပြီး တစ်ယောက်နှင့်တစ်ယောက် ကူညီဖေးမခြင်းဖြင့် ဆက်နိုင်နိုင်ပါလိမ့်မည်။ စစ်မှန်မှု၊ ဖြောင့်မတ်မှု၊ ဘာသာတရားကိုင်းရှိုင်းမှုနှင့် ရိုးသားသောအပြုအမူတို့လူငယ်တို့သည် မိမိမိဘများကို နာခံနိုင်ရန်ဘုရားသခင်ထံသို့ မိမိနှလုံးသားဆက်ကပ်ပါလိမ့်မည်။

တစ်ခြားစိတ်လှုပ်ရှားဖွယ်ကောင်းသော အကျိုးတက်ရောက်မှုသည် အသင်းတော်တွင် ကလေးသူငယ်တို့သည် တိယလူတန်းစား မထားရှိခြင်းပင်ဖြစ်သည်။ ခွဲခြားခြင်း၊ မထီမဲ့မြင်ပြုခြင်း၊ ကလေးငယ်ကဲ့သို့ထင်မှတ်ခြင်း၊ ဥပုစာဖြေ သာတက်ရောက်စေခြင်းနှင့် လူငယ်သာသနာများဟူ သီခြားခွဲလိမ့်မည်မဟုတ်ပေ။

ကျွန်ုပ်အမြင်တွင် အကြီးမားဆုံးသောမကျိုးသက်ရောက်မှုသည် လူကြီးများနှင့်တခြားလူကြီးတို့၏ ကလေးများအကြား လူမှုဆက်ဆံရေးဖွံ့ဖြိုးဆတိုးတက်လာခြင်းပင်ဖြစ်သည်။ ကျွန်ုပ်၏ အိမ်အသင်းတော် ကလေးသူငယ်များပါဝင်ရန် ကျွန်ုပ်သည်အမြဲတမ်းဆုတောင်းနေသည်။ အသင်းတော်မည်သည့်အရာ လိုအပ်သည်ကို လွယ်ကူစွာသိရှိနိုင်ပြီး နာမည်ခေါ်ကာဆုတောင်းပေးရန်လည်း လွယ်

ကူသည်။ ကဲ့သို့သောအဖြစ်အဖျက်မျိုးကို ကြီးမားသောအသင်းတော် ရှိခဲ့သည်ကို ကျွနိုပ်တင်ပြလိုပါသည်။

**နိဂုံး (Conclusion)**

**Doug Phillips of Vision** သည် သူ၏အသင်းတော် ကျင်းပပြုလုပ်သော “လူငယ်အစီအစဉ် တင်ပြခြင်းကို ထောက်ခံခြင်းအားဖြင့် နိဂုံးချုပ်လိုပါသည်။ သူ၏တင်ပြမှုသည် အိမ်အရွယ်အစားခန့်ရှိသော အသင်းတော်ကိုရည်ညွှန်းလိုခြင်းမဟုတ်တော်လည်း သူတင်ပြချက်တို့သည် အလွန်ကောင်းသည်။

“ကျွန်ုပ်သည် သေးငယ်သောအသင်းတော် မိသားစုအသင်းတော် ဘုရားရှိခွင့်ရခဲ့သည်။ကျွန်ုပ်တို့၏ အသင်းတော်အစီအစဉ်တို့ကို မေးမြန်းသောအခါ ကျွန်ုပ်တို့ပိုင်ဆိုင်သော အဖွဲ့အစည်းသုံးဆယ်ထဲတွင် ကျွန်ုပ်တို့သည် ပို ကောင်းကြီးမင်္ဂလာခံစားခဲ့သည်ကိုကျွန်ုပ် တင်ပြသည်။ ကျွန်ုပ်တို့ပိုင်ဆိုင်သော အဖွဲ့အစည်းဟုခေါ်ရာတွင် မိသားစုဝင်အသင်းတော်တို့ကို ဆိုလိုသည်။ ကျွန်တော်သည် လူငယ်ညွှန်ကြားရေးမှူးအယောက်ခြောက်ဆယ်ရှိသေးသည်ကို ထပ်မံဖော်ပြထားသည်။ သူတို့ကို မိသားစုဟုခေါ်ပါသည်။ အမှန်တော့ အပတ်တိုင်း၏နေ့တိုင်း အသင်းတော်၏လှုပ်ရှားမှုအစီအစဉ်တို့ကို စနစ်တကျကျွန်တော်တို့ရေးဆွဲထားပါသည်။ သည် မိသားစုဝတ်ပြုကိုးကွယ်ခြင်းဟုခေါ်သည်။

ညွှန်ကြားရေးမှူးတို့သည် လုပ်ဆောင်ရန်တာဝန်ဝတရားများစွာရှိသည့်နည်းတူ သူတို့စုစည်းလုပ်ဆောင်မှုတို့သည် အယောက်စီတိုင်းတက်ညီလက်ညီပါဝင်ရမည်ဖြစ်ပါသည်။ ထိုသူတို့သည် နှုတ်ကပတ်တော်ကို အရင်ထက်သာ လေ့လာရန်လိုအပ်သည်။ သို့မှသာသူတို့က အဖွဲ့အစည်းကို လိမ္မာထက်မြက်စွာ ဦးဆောင်နိုင်ပေမည်။ သူတို့သည် ဦးနှောက်သွက်လက်စဉ်းစားရန် လိုအပ်သည်။ သို့မှသာ အဖွဲ့အစည်း ရှိသောပြဿနာတို့ကို သူတို့က ဖြေရှင်းနိုင်ပါလိမ့်မည်။ သူတို့သည် စိတ်ရှည်ခြင်းကို သင်ယူရမည်။ ချစ်တတ်ရန်လည်းသင်ယူရမည်။ သူတို့မိမိကိုယ်ကိုပင်လျှင် အပြစ်တင်တတ်ရမည်။

နောက်ဆုံးသောကဏ္ဍသည် အလွန်အရေးကြီးသည်။ မိမိကိုယ်ကို အပြစ်တင်တတ်မှ သူတို့၏ အဖွဲ့အစည်းတို့ကို ကောင်းမွန်စွာပြုစုစောင့်ရှောက်တတ်မှသာ ညွှန်ကြားရေးမှူးအဖြစ် ဦးဆောင်သူတို့သည် အောင်မြင်ခြင်းရရှိပါလိမ့်မည်။ ထိုအရာကို သူတို့ကသိသည်။ အခဆပ်ရမည်ဟုလည်း သူတို့သည် သိရှိလျက်ရှိသည်။ သို့သော်သူတို့အများစုက အဖိုးအခပေးဆပ်ရန် ဆန္ဒရှိကြသည်။အဘယ်ကြောင့်ဆိုသော် ထိုသူတို့သည် လောကမှာအကြီးမားဆုံးသော လှုပ်ရှားမှုသည် လူငယ်သင်းအုပ်ဆရာဖြစ်ပြီး ခရစ်ယာန်မိသားစုခေါ် အထူးစိတ်ဝင်စားဖွယ်ရာ အချက်တစ်ခုတွေ့ရသည်။ သည် ကျွန်ုပ်တို့၏ သေးငယ်သသောအဖွဲ့အစည်းများသို့ သစ္စာရှိရှိဖြင့်ကျွန်ုပ်တို့သည် ဆက်ကပ်အပ်နှံမှုရှိလေလေ ကျွန်ုပ်တို့သည် ကောင်းခံစားလေလေ ဖြစ်သွားသည်။ ထိုပြင်ကျွန်တော်တို့သည် နှုတ်ကပတ်တော်ဖော်ပြထားသည့်အတိုင်း ကဲ့သို့ သေးငယ်သောအဖွဲ့အစည်းအကြောင်းတို့ကို လေ့လာသိရှိလေလေ အသင်းတော်ထူထောင်ရန် ဘုရားသခင်၏လိမ္မာသောအကြံကောင်းကို ချီးကျူးကာ အံ့ဩမှုခံစားလေလေ ကျွန်တော်တို့ သတိမမူသော ထိုအရာများအားဖြင့် ကျွန်တော်တို့၏ယဉ်ကျေးမှု လေ့ထုံးစံတစ်ခုလုံး ပြုပြင်ပြောင်းလဲလေလေ၊ အင်အားကြီးမားသောခရစ်ယာန်အိမ်ထောင်မိသားစုတို့ကို ထူထောင်နိုင်လေလေ ဖြစ်သွားပါလိမ့်မည်။

- Dan Walker